KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

**မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ**

နိုဝင်ဘာလ ၂၈ ရက်, ၂၀၂၄ ခုနှစ် / KHRG စာအမှတ်- 24-62-I1

# ဘိတ်ထားဝယ်ခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ - လယ်ကဆောမြို့နယ်တွင် ကော်သူးလေတပ်မတော် (KTLA) စစ်သားများမှ ရွာသားတစ်ဦးအား ဖမ်းဆီးသတ်ဖြတ်မှု (၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ)

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း ဘိတ်ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်တွင် ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ်တစ်ခုကို ဖော်ပြထားသည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ကော်သူးလေတပ်မတော် (KTLA) ဆာကဆောတပ်မ၊ တပ်ခွဲ (၃)မှ စစ်သားများသည် ကိုတ---ဟုခေါ်သော ရွာသားတစ်ဦးအား ဖမ်းဆီးခဲ့သည်။ KTLA တပ်ခွဲ (၃) သည် လယ်ကဆောမြို့နယ်၊ စတိန်ကျေးရွာအုပ်စု၊ ဟ--- ကျေးရွာတွင် အခြေစိုက်သည်။ ကိုတ---၏ယောက်ဖဖြစ်သူတစ်ဦးသည် ၎င်းအား မူးယစ်ဆေးဝါးအရောင်းအဝယ်လုပ်သည်ဟု စွပ်စွဲ၍ KTLA အား တိုင်ကြားခဲ့သည်။ ထို့နောက် KTLA စစ်သားများသည် ရွာသားတစ်ဦးနှင့်ပူးပေါင်းဆောင်ရွက်၍ ကိုတ--- အား သွားရောက်ဖမ်းဆီးခဲ့သည်။ ထိုနေ့ညနေပိုင်းအချိန်တွင် ကိုတ---ဖမ်းဆီးခံရပြီးနောက် အသတ်ခံခဲ့ရသည်။ ၎င်း၏အလောင်းကို ကျေးရွာအနားရှိ ချောင်းဘေးနားတွင် ပစ်ထားခဲ့သည်။ ဇန်နဝါရီလ ၃၁ ရက်နေ့ဝန်းကျင်တွင် ကိုတ---၏ဇနီးဖြစ်သူသည် သူမ၏အမျိုးသား အသတ်ခံရသည့်အကြောင်းကို အခြားရွာသားတစ်ဦးထံမှ သိရှိခဲ့ရသည်။ သို့သော်လည်း ကိုတ---၏ရုပ်အလောင်းကို ယခုအချိန်ထိ ရှာမတွေ့သေးပါ။ ကိုတ---သည် အိမ်ထောင်ဦးစီးတစ်ဦးဖြစ်သည့်အတွက် ဤသို့အသတ်ခံရခြင်းကြောင့် ၎င်း၏မိသားစုမှာ စားဝတ်နေရေးအခက်အခဲများနှင့်ကြုံတွေ့နေရသည်။* [1]

[1] ဤအစီရင်ခံစာသည် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ လေ့ကျင့်သင်ကြားပေးထားသော ဘိတ်ထားဝယ်ခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓာတ်ပုံနှင့် နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။

# အပိုင်း ၁ - မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | သတ်ဖြတ်မှု |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့ |
| **အခင်းဖြစ်ပွားသည့်နေရာ (ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စု၊ ကျေးရွာ)** | ဘိတ်ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်၊ စတိန်ကျေးရွာအုပ်စု၊ ဟ--- ကျေးရွာ၊ လ--- နေရာ |

| စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | |
|---|---|
| **အမည်** | ကိုတ--- |
| **အသက်** | ၄၂ နှစ် |
| **ကျား/မ** | ကျား |
| **လူမျိုး** | ဗမာ |
| **အိမ်ထောင် ရှိ/မရှိ** | ရှိ |
| **အလုပ်အကိုင်** | ဥယျာဉ်ခြံ |
| **ကိုးကွယ်သည့် ဘာသာ** | ဗုဒ္ဓဘာသာ |
| **ရာထူးအဆင့်** | ရွာသား |
| **နေရပ်ရွာအမည်** | ဘိတ်ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်၊ စတိန်ကျေးရွာအုပ်စု၊ ဟ--- ကျေးရွာ |

| ပစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ | | | | |
|---|---|---|---|---|
| **အမည်** | **ရာထူး** | **စစ်ကြောင်း၊ တပ်ရင်း၊ တပ်မ** | **အခြေစိုက်သည့်နေရာဒေသ** | **အထက်အရာရှိအမည်** |
| မသိရှိရ | မသိရှိရ | ကော်သူးလေတပ်မတော် (KTLA) ဆာကဆောတပ်မ၊ တပ်ခွဲ (၃) | [ကရင်အမျိုးသားအစည်းအရုံး (KNU) ထိန်းချုပ်သည့်နေရာဒေသရှိ] စတိန်ကျေးရွာအုပ်စု၊ ဟ--- ကျေးရွာ၊ ထိန်မန်းနေရာ | တပ်ခွဲ (၃) မှ ဗိုလ်ကြီးစပီ |
| စောဆန်းမြင့်အောင် | (KTLA နှင့်ပူးပေါင်းဆောင်ရွက်သည့်ရွာသားတစ်ဦး) | - | - | - |

## အဆင့် ၂- သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| (၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။ |
|---|
| KHRG ကွင်းဆင်းလုပ်သားတစ်ဦးသည် ကိုတ---၏ယောက်ဖဖြစ်သူ ကိုစျ---နှင့်အင်တာဗျူးပြုလုပ်၍ သတင်းအချက်အလက်များကို အသေးစိတ်မှတ်တမ်းပြုစုခဲ့သည်။ |

| (၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။ |
|---|
| ဤသတင်းအကြောင်းအရာနှင့်ပတ်သက်၍ အသတ်ခံရသည့်ကိုတ---၏ယောက်ဖဖြစ်သူ ကိုစျ--- သည် KHRG ကွင်းဆင်းလုပ်သားအား ပြောပြခဲ့သည်။ KHRG ကွင်းဆင်းလုပ်သားသည် ကိုစျ---၏ဇနီးဖြစ်သူ ဒေါ်ပ---နှင့်ကိုတ---၏ဇနီးဖြစ်သူ ဒေါ်အ---တို့အား တွေ့ဆုံမေးမြန်း၍ ဤသတင်းအချက်အလက်များ မှန်ကန်ကြောင်း အတည်ပြုခဲ့သည်။ |

## အဆင့် ၃- အခင်းဖြစ်ပွားပုံ

| အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။ |
|---|
| ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့ ညနေ (၆)နာရီအချိန်၌ ဘိတ်ထားဝယ်ခရိုင်၊ လယ်ကဆောမြို့နယ်၊ စတိန်ကျေးရွာအုပ်စု၊ ဟ--- ကျေးရွာအနီးရှိ ထိန်မန်းနေရာတွင် အခြေစိုက်သော ဆာကဆောတပ်မ၊ တပ်ခွဲ (၃)မှ KTLA စစ်သား (၇)ဦးသည် (ရွာသားတစ်ဦးဖြစ်သည့် ဆန်းမြင့်အောင်နှင့်ပူးပေါင်းဆောင်ရွက်၍) ဟ--- ရွာသားတစ်ဦးဖြစ်သော ကိုတ---အား သွားရောက်ဖမ်းဆီးခဲ့သည်။ ကိုတ---အဖမ်းခံရမှုနှင့်ပတ်သက်ပြီး ၎င်း၏ဇနီးဖြစ်သူ ဒေါ်အ---က ယခုလိုပြောပြသည်။ *"ဆန်းမြင့်အောင်ဆိုတဲ့ရွာသားတစ်ဦးက KTLA စစ်သားခုနှစ်ဦးနဲ့ပူးပေါင်းပြီး ကျွန်မရဲ့အမျိုးသားကို လာဖမ်းသွားတယ်။ ပြီးတော့ သူ့ကိုစစ်ဆေးမေးမြန်းဖို့ သူ့ကို (သူတို့၏စခန်းသို့) ခေါ်သွားတယ်။ သူ့ကို မူးယစ်ဆေးဝါးအရောင်းအဝယ်လုပ်တယ်လို့စွပ်စွဲပြီး KTLA ကို တိုင်ကြားထားတယ်တဲ့။ အဲဒါကြောင့် KTLA က သူ့ကိုလာဖမ်းသွားတာပဲ။ ကျွန်မရဲ့အမျိုးသားကို ဘာမှမလုပ်ဘူး၊ သူ့ကို မေးမြန်းစစ်ဆေးပြီးရင် ပြန်လွှတ်ပေးမယ်လို့ သူတို့က ကျွန်မကို ပြောခဲ့တယ်။"* (စောဆန်းမြင့်အောင်သည် ရွာသားတစ်ဦးဖြစ်ပြီး KTLA စစ်သားများအတွက် စစ်ရေးလှုပ်ရှားမှုများတွင် မကြာခဏ ပါဝင်ကူညီပေးလေ့ရှိသည်။)<br><br>ကိုတ---သည် ကျဘမ်းအလုပ်ကိုလုပ်၍ မိသားစုကို ထောက်ပံ့နေရသည့်အိမ်ထောင်ဦးစီးတစ်ဦးဖြစ်သည်။ (၂၀၂၁ ခုနှစ် အာဏာသိမ်းမှုအချိန်မှစ၍) နိုင်ငံရေးအခြေအနေကြောင့် (စီးပွားရေးတည်မြဲမှုမရှိသည့်အတွက်) ကိုတ---သည် မိသားစုစားဝတ်နေရေးအတွက် ရုန်းကန်နေရသည်။ ထို့ကြောင့် ကိုတ---သည် မိသားစုစားဝတ်နေရေးအတွက် အခြားသူများဆီမှာ အငှားခလိုက်၍ အလုပ်လုပ်ပေးခြင်းဖြင့် ဝင်ငွေရှာရသည်။ တစ်နေ့တွင် ကိုတ---၏ယောက်ဖဖြစ်သူ စောယ--- |

သည် ကိုတ---ကို မြင်းဆေးအရောင်းအဝယ်လုပ်သည်ဟုစွပ်စွဲ၍ KTLA တပ်ခွဲ (၃) အား တိုင်ကြားခဲ့သည်။ (ကိုတ---၏အခြားယောက်ဖတစ်ဦးမှာ စောယ---ဖြစ်သည်။ သို့သော် KHRG အင်တာဗျူးခဲ့သော ကိုစျ---သည်လည်း ကိုတ---၏ယောက်ဖဖြစ်သည်။) ထို့နောက် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့ ညနေအချိန်တွင် KTLA စစ်သားခုနှစ်ဦးသည် ဆန်းမြင့်အောင်နှင့်ပူးပေါင်းဆောင်ရွက်၍ ကိုတ---အား သွားရောက်ဖမ်းဆီးခဲ့သည်။

ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ကိုတ---သည် လွတ်မြောက်လာခြင်းမရှိခဲ့ပါ။ ဒေါ်အ---သည် သူမ၏အမျိုးသားအိမ်ပြန်လာမည့်နေ့ကို စောင့်နေခဲ့သည်။ အကြောင်းမှာ ကိုတ---အဖမ်းခံရသည့်နေ့တွင် ၎င်းအား စစ်ဆေးမေးမြန်းမှုဖြစ်ပြီး သတ်ဖြတ်မှာ မဟုတ်ကြောင်း ဆန်းမြင့်အောင်မှ ဒေါ်အ---ကို ပြောခဲ့ခြင်းဖြစ်သည်။ ဤဖြစ်စဉ်နှင့်ပတ်သက်ပြီး ဒေါ်အ---က သူမ၏မောင်လေးဖြစ်သူ ကိုစျ---အား ပြန်လည်ပြောပြခဲ့သည်။ (ဇန်နဝါရီလ ၃၁ ရက်နေ့ဝန်းကျင်တွင် ကိုတ---နှင့်ပတ်သက်ပြီး သတင်းအစအနမရသောကြောင့်) ဒေါ်အ---သည် ဟ--- ကျေးရွာပတ်ဝန်းကျင်အနားတွင် သူမ၏အမျိုးသားအကြောင်းကို လိုက်လံစုံစမ်းခဲ့သည်။ ဒေါ်အ---သည် ဟ---ကျေးရွာအနီးရှိ လ---နေရာသို့ရောက်သောအခါ ဥယျာဉ်ခြံလုပ်သားတစ်ဦးနှင့်တွေ့ဆုံ၍ သူမ၏အမျိုးသားသတင်းကို မေးမြန်းခဲ့သည်။ ဥယျာဉ်ခြံလုပ်သားတစ်ဦးက သူမအား *"မင်းရဲ့အမျိုးသားက သေဆုံးသွားပြီး။ သူတို့က (KTLA စစ်သား) သူ့ကိုဖမ်းသွားတဲ့နေ့မှာဘဲ သတ်ခဲ့တာလေ။ သူ့ကို သေနတ်နဲ့ပစ်သတ်သွားတာ။ ပြီးတော့ သူ့အလောင်းကို (ထိန်မန်းနေရာတွင် တည်ရှိသော KTLA တပ်စခန်းအနီးနား) မြောင်းထဲမှာ ပစ်ထားခဲ့တာ။ (သူ့အလောင်းကို ပစ်ထားခဲ့တာကို) ငါကိုယ်တိုင်မြင်တွေ့ခဲ့တယ်"* ဟု ပြောပြခဲ့သည်။ ဥယျာဉ်ခြံလုပ်သားတစ်ဦးက ဆက်လက်၍ရှင်းပြခဲ့သည်မှာ *"သူအသတ်ခံရတဲ့အချိန်က ည (၇)နာရီဝန်းကျင်လောက်ရှိမယ်။"*

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် ရရှိသည့်သတင်းအရ) ကိုတ---၏ရုပ်အလောင်းကို ရှာဖွေတွေ့ရှိခြင်းမရှိခဲ့ပါ။ (ကိုတ---သည် ယခုလို အသတ်ခံရပြီးပျောက်ဆုံးသွားသည့်အတွက် ၎င်း၏မိသားစုသည် စားဝတ်နေရေးအခက်အခဲများနှင့်ကြုံတွေ့နေရသည်။)

# အဆင့် ၄- ခွင့်ပြုချက်တောင်းခံခြင်း

**ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သော နည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။**

ကိုစျ--- (ကိုတ---၏ယောက်ဖ)နှင့် ဒေါ်အ---(ကိုတ---၏ဇနီး)တို့သည် ဤသတင်းအကြောင်းအရာကို ရေးသားဖြန့်ဝေရန် ခွင့်ပြုချက်ပေးထားပါသည်။

## ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။